# ၂၀၂၁ ခုနှစ် ဧပြီလ (၉) ရက်နေ့ စတင် ဖွဲ့စည်းသည့် ကရင်နီပြည်နယ် အတိုင်ပင်ခံ ကောင်စီ ဖွဲ့စည်းခြင်း (၂) နှစ်ပြည့် ပြည်သူလူထုသို့ တင်ပြသော အစီရင်ခံစာအနှစ်ချုပ်

**ဧပြီလ ၂၀၂၃ခုနှစ်**

ကရင်နီပြည်နယ်
အတိုင်ပင်ခံကောင်စီ







# ကရင်နီပြည်နယ် ကျန်းမာရေး ကော်မတီ

Mကရင်နီပြည်နယ် ကျန်းမာရေးကော်မတီသည် လူ့အရင်းအမြစ် (၄၀၀) ကျော်ဖြင့် ကရင်နီပြည် ကြားကာလ ကျန်းမာရေးဌာနတည်ဆောက်ရေးမူဝါဒ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မူဝါဒရေးရာနှင့်လုပ်ငန်းစဥ်များ ရေးဆွဲအတည်ပြုခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တပြိုင်တည်းမှာပင် ကျန်းမာရေး ဝန်ဆောင်မှုများ အနေဖြင့် ဆေးရုံ (၅) ခု၊ ဆေးခန်း (၇၄) ခု၊ Mobile OT (Truck) (၂) စီး ၊ Outreach session များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်သူ့ကာကွယ်ရေးတပ်များ အတွက် ဆေးမှူး သင်တန်းများပို့ချနိုင် ခဲ့ပါသည်။ ထို့အပြင် ကရင်နီပြည်နယ်သူနာပြုတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး မသန်စွမ်းပြည်သူလူထုနှင့် ရဲဘော်များအတွက် ပြန်လည်မွမ်းမံရေးစင်တာများ၊ ထိုင်းနိုင်ငံသို့ လူနာလွှဲပြောင်းရေးနှင့် လူနာစောင့်ရှောက်ရေးစင်တာများ နှင့် Health Information System တည်ဆောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

# ကရင်နီပြည်နယ် လူသားချင်း စာနာ ထောက်ထားရေး ကော်မတီ

လူသားချင်းစာနာထောက်ထားရေးကော်မတီသည် နေရပ်စွန့်ခွာသော စစ်ဘေးရှောင်ပြည်သူများ၏ အချက်အလက်များကောက်ယူခြင်း၊ မှတ်တမ်းပြုစုခြင်း၊ စစ်ဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ အားပေးနှစ်သိမ့်ပေးခြင်း၊ အခြေခံစားနပ်ရိက္ခာများပံ့ပိုးပေးခြင်း တို့ကို လုပ်ဆောင်သည်။ ထို့ပြင် ရန်ပုံငွေရှာဖွေခြင်း နှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ UN agencies၊ အလှူရှင်နိုင်ငံများ တို့နှင့် တွေ့ဆုံဆွေးနွေးမှုများနှင့် လိုအပ်သည့် တိုက်တွန်းနှိုးဆော်မှု များကို စဉ်ဆက်မပြတ်လုပ်ဆောင်နေလျက်ရှိသည်။ သတင်းမီဒီယာများနှင့်လည်း ချိတ်ဆက်ကာ လိုအပ်သည့် သတင်းအချက်အလက်များမျှဝေမှုနှင့်အတူ တိုက်တွန်းနှိုးဆော်မှုများကိုလည်း လုပ်ဆောင်နေပါသည်။ ကော်မတီ၏ အောင်မြင်မှုအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မြေပြင်လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက်ပံ့ပိုးပေးနိုင်ခြင်း၊ ဒေသန္တရ အခြေပြုကော်မတီများ၊ ဒေသအခြေပြုအင်အားစုများနှင့် ပုံမှန်ချိတ်ဆက်နိုင်ခြင်းနှင့်အတူ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ချိတ်ဆက်မျှဝေခြင်းနှင့် စစ်ရှောင်လူထုများနှင့် ပတ်သက်သော စစ်တမ်းများကိုလည်း ပြည်နယ်အတွင်းရှိ အင်အားစုများနှင့် ပူးပေါင်းထုတ်ဝေ နိုင်ခဲ့ကြသည်။ ဒေသအတွင်းတွင်သာမက ပြည်ပရောက် ကရင်နီအမျိုးသားများ အပါအဝင် အခြားသော တိုင်းရင်းသားညီနောင်များနှင့် သော်လည်းကောင်း၊ NUG အစိုးရ၏ အစိုးရဌာနအချို့ နှင့်သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ခဲ့ကြသည်။

# ကရင်နီပြည်နယ် ပညာရေးကော်မတီ

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ၏ လမ်းညွှန်မှုနှင့်အညီ ကရင်နီပြည်နယ် ပညာရေးကော်မတီအား ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွဲ့စည်းပြီးချိန်မှစ၍ ပညာရေးကော်မတီသည် တော်လှန်ရေးကာလအတွင်း ကျောင်းသူ၊ ကျောင်းသားများအားလုံး ပညာသင်ယူမှုအခွင့်အလမ်းရရှိစေရန်နှင့် သင်ယူမှုလမ်းစဉ် အဆက်မပြတ်စေရန်တွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါသည်။ ကြားကာလ ကရင်နီပြည်နယ် ပညာရေးမူဝါဒအား ရေးဆွဲပြီး ပြည်နယ်တွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့များ (stakeholders) များနှင့်တွေ့ဆုံ နှီးနှောဖလှယ်ခြင်း၊ အကြံပြုချက်များရယူခြင်း လုပ်ဆောင်ခဲ့ပါသည်။ ကော်မတီ၏ အဓိကလုပ်ငန်းဖြစ်သည့် ပြည်နယ်တွင်းရှိ ပညာသင်ကြားမှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော တိုင်းရင်းသား ပညာရေးဌာနများ၊ မြို့နယ် ပညာရေးဘုတ်အဖွဲ့များ၊ ဆရာ၊ဆရာမများသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ အရပ်ဖက်အဖွဲ့အစည်းများ နှင့် အခြား ပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပံ့ပိုးကူညီများလည်း လက်ရှိအချိန်ထိအရှိန်ကောင်းကောင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်တွင်းသာမက အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ၏ JCC-Education တွင်သော်လည်းကောင်း ကိုယ်စားပြုပါဝင်လျက် လုပ်ငန်းများချိတ်ဆက်ဆောင်ရွက် လျက် ရှိပါသည်။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ ပညာရေးကော်မတီ၏ မူဝါဒလမ်းညွှန်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့် မြို့နယ်ပညာရေးဘုတ်အဖွဲ့များ အကောင်အထည်ဖော်ဆောင်လျက်ရှိသော ကျောင်းပေါင်း (၄၀၀) ကျော်ရှိနေပြီးဖြစ်ပြီး အခြေခံပညာရေးသင်ကြားလျက်ရှိသော ကျောင်းသူ၊ ကျောင်းသားပေါင်း (၄၀၀၀၀) ဝန်းကျင် ရှိပါသည်။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၊ ပညာရေးကော်မတီအနေဖြင့် ကြားကာလအတွင်း ကလေးသူငယ် များ၊ ပညာသင်ကြားခွင့် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် လုပ်ဆောင်လျက်ရှိသော အစုအဖွဲ့များ၊ သင်ကြားပေး နေသော စီဒီအမ် ဆရာ၊ဆရာများနှင့် စေသနာ့ဝန်ထမ်းဆရာ၊ ဆရာများ ထိုအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်သော မိဘများ၊ ကျောင်းသူ/ကျောင်းသားများအားလုံးကို တရားဝင် အသိအမှတ်ပြုပြီး ချိတ်ဆက်ဆောင်ရွက်လျက်ရှိ သည်။

# အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု ကော်မတီ
## (Civil Disobedient Movement Committee)

၂၀၂၁ ခုနှစ် စစ်တပ်မှ အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး ကရင်နီပြည်နယ်တစ်ဝန်းလုံးရှိ ဝန်ထမ်း များ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်လာခဲ့ပါသည်။ လှုပ်ရှားမှုတွင်ပါဝင်သော ပြည်သူ့ဝန်ထမ်း များ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် အနာဂတ်ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ၎င်း တို့၏ပညာရပ်နှင့် အတွေ့အကြုံများကို ပြန်လည်အသုံးချပြီး အထောက်အကူပြုစေရန်အပြင် ၎င်းတို့အတွက် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ (၃၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၂၃) ရက် တွင် CDM ကော်မတီ ကိုဖွဲ့စည်းခဲ့ပြီး ပြည်သူ့ဝန်ထမ်း CDM များနှင့် လက်တွဲကာ CDM အရေးကိစ္စများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ကရင်နီပြည်နယ်တွင် CDM တွင်ပါဝင်သော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအားလုံးပေါင်း (၅၇၄၂) ဦး ရှိ ပြီး ၂၀၂၁ မှ ၂၀၂၂ ခုနှစ်တွင် မိမိတို့၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှတစ်ဆင့် (၂၅၈၂) ဦးအတွက် ငွေကြေးပံ့ပိုးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ CDM အတွက် ပိုမိုပံ့ပိုးနိုင်ရန် နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ချိတ်ဆက်ဖန်တီးပေးနိုင် ရန်အတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိပါသည်။



# ကရင်နီပြည်နယ် ရဲတပ်ဖွဲ့ (Karenni State Police)

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်မှုဖြင့် ကရင်နီပြည်နယ်ရဲတပ်ဖွဲ့ (KSP) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၂၅) ရက်နေ့တွင် အာဏာရှင်စနစ်ချေမှုန်းရေးနှင့် ဖယ်ဒရယ်စံနှုန်းများအပေါ်တွင် အခြေခံပြီး ပြည်သူ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် နယ်မြေအတွင်း ရဲစခန်း (၁၂) ခုထိ ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသမီးရဲအင်အား (၂၇) ရာခိုင်နှုန်းဖြင့် အဖွဲ့ဝင်အင်အား စုစုပေါင်း (၂၀၃) ဦးဖြင့် လှုပ်ရှားလျက်ရှိပါသည်။ အခြေခံရဲတပ်သားသင်တန်း အမှတ်စဉ် (၁/ ၂၀၂၃) ကို ၁၄-၁-၂၀၂၃ မှ ၂၁-၂-၂-၂၃ ရက်နေ့တွင် အခြေခံရဲတပ်သား စုစုပေါင်း (၄၄) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး အမှတ်စဉ် (၂/ ၂၀၂၃) နှင့် အမှတ်စဉ် (၃/ ၂၀၂၃) ဖွင့်လှစ်နိုင်ရန် နှင့် အဆင့်မြင့်ရဲသင်တန်း အမှတ်စဉ် (၁) ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကရင်နီပြည်နယ်ရဲသည် စွမ်းရည်ပြည့်ဝသည့် ဒီမိုကရက်တစ်ရဲ ပီပီပြင်ပြင်ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် လုပ်ငန်းလမ်းညွှန်မှုကြမ်းကို ရေးဆွဲလျက်ရှိပြီး ပြည်တွင်း၊ပြည်ပပညာရှင်များနှင့် ချိတ်ဆက်ကာ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများနှင့် ပြန်လည်ဆင့်ပွားမှုများကို လုပ်ဆောင်လျက်ရှိပါသည်။ လက်ရှိတွင် အခြေခံပညာအထက်တန်းပြီးဆုံးကြောင်း စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ စာမေးပွဲအတွက် လုံခြုံရေးသော်လည်းကောင်း၊ ဆေးရုံ၊ဆေးခန်း၊ စာသင်ကျောင်း၊ တက္ကသိုလ်များ၏ လုံခြုံရေးအတွက်သော်လည်းကောင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်ကာ ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ၂၀၂၁ မှ ၂၀၂၂ ခုနှစ်အတွင်း ဒီမိုကရင်တစ်ရဲလုပ်ငန်းစဉ်များနှင့်အညီ မိမိတို့ ကိုင်တွယ်လျက်ရှိသော အမှုများမှာ မူးယစ်ဆေးဝါးမှု၊ ခိုးမှု၊ မသင်္ကာမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ စစ်သုံ့ပန်း၊ အိမ်တွင်းအကြမ်းဖက်မှုများနှင့် အခြားအမှုများ အပါအဝင် စုစုပေါင်း (၂၃၅) မှုရှိပါသည်။

# ကရင်နီအမျိုးသား ကာကွယ်ရေးတပ် (KNDF)

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်သည် ၂၀၂၁ ခုနှစ် မြန်မာပြည်နွေဦးတော်လှန်ရေးတွင် ပေါ်ပေါက်လာသော လက်နက်ကိုင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်ပြီး ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးလမ်းညွှန်မှုအောက်တွင် တည်ရှိသောအဖွဲ့ဖြစ်သည်။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ကို ၂၀၂၁ ခုနှစ် မေလ ၃၁ ရက်နေ့တွင် တော်လှန်ရေးပန်း တိုင်၊ ရည်မှန်းချက်၊ မူဝါဒများ ခိုင်ခိုင်မာမာချမှတ်ဖွဲ့စည်းပြီး ကရင်နီပြည်တစ်ပြည်လုံးအတိုင်းအတာ ဖြင့် တပ်ရင်း (၂၂) ရင်း၊ စစ်ဗျူဟာ (၆) ခုခွဲကာ ကရင်နီပြည်နေရာအနှံ့တွင် တိုက်ပွဲဝင်နေပါသည်။ ထို့အပြင် တပ်ဖွဲ့ကောင်းမွန်စွာ လုပ်ကိုင်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော အမိန့်ပေးစနစ်များ ဌာနများကိုလည်း ဖွဲ့စည်းကာ အထောက်အကူပြုဆောင်ရွက်လျှက်ရှိပါသည်။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်သည် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး၊ စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေးနှင့်ပြည်သူလူထုကိုကာကွယ်စောင့်ရှောက်ရေးကို တစိုက်မတ်မတ် လုပ်ဆောင်နေပြီး တော်လှန်ရေး (၂) နှစ်တာနီးပါးကာလအတွင်း မိမိတို့၏တော်လှန်ရေးရဲဘော် (၁၂၅)ဦး ရဲရင့်စွာကျဆုံးခဲ့ပြီး (၇၅) ဦး ခြေလက်အင်္ဂါများ ဆုံးရှုံးခဲ့ရပြီးဖြစ်ပါသည်။ ပေးဆပ်ဆုံးရှုံးမှုများရှိ သော်လည်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များကို (၁၀၀၀) ကျော်သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး ၎င်းတို့၏ စစ်သုံ့ပန်းများကိုလည်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပါသည်။ ကရင်နီအမျိုးသားများ ကာကွယ်ရေး တပ်သည် စည်းကမ်းပြည့်ဝသော ပြည်သူချစ်သော နိုင်ငံတကာစံချိန်စံညွှန်းများကိုလိုက်နာသော လက်နက်ကိုင်တပ်တစ်ခု အဖြစ်ဖော်ဆောင်ရာတွင် ရုပ်ဝတ္ထုဖွံ့ဖြိုးရေးသာမက မူဝါဒများ စည်းမျဉ်းစည်းကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်အတွင်း ကရင်နီအမျိုးသားများကာကွယ်ရေးတပ် စစ်ဖက်ဆိုင်ရာ အက်ဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ မြေပြင်တွင်တပ်ဖွဲ့၏စည်းမျဉ်းစည်းကမ်းများကို ဖောက် ဖျက်သော၊ လုပ်ပိုင်ခွင့်ထက် ကျော်လွန်လုပ်ကိုင်ဆောင်ရွက်သော၊ မပြုအပ်သောအမှားများကို ကျူးလွန်သော တပ်မိုလ်တပ်မှူးများ၊ တပ်ဖွဲ့ဝင်များကိုလည်း အရေးယူပြစ်ဒဏ်ချမှတ်မှုများကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။



၂၀၂၃

# ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ
# နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့

ကရင်နီပြည်နယ်အတိုင်ပင်ကောင်စီ၏ ချမှတ်ထားသော လုပ်ငန်းစဉ်များ၊ ဗျူဟာများ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ အစည်းအဝေးများ အထမြောက်ဖြစ်မြောက်ရေး စသည့် လိုအပ်သော လုပ်ငန်းစဉ်များအတွက် ၂၀၂၁ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့တွင်ပြုလုပ်သော ဒုတိယ အကြိမ်မြောက် ကရင်နီအတိုင်ပင်ကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နည်းပညာဆိုင်ရာ အတွင်းအရေးမှူးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ပထမအချက်အနေဖြင့် စတင်ဖွဲ့စည်းပြီးသည့်နေ့မှစ၍ ယနေ့ အချိန်အထိ (၂) နှစ်တာ ကာလအတွင်း ပုံမှန်အစည်းအဝေး ဖြစ်မြောက်ရေးအတွက် ဦးဆောင်ပေးခဲ့ခြင်း၊ ကော်မတီများ၏ တောင်ဆိုတင်ပြမှုများဖြင့် အစည်းအဝေးများ ခေါ်ယူပေးခြင်းများကို ပြုလုပ်ပေး ခဲ့ပါသည်။ ဒုတိယ အချက်အနေဖြင့် နိုင်ငံတကာရေးရာနှင့် မဟာမိတ်ဆိုင်ရာ ချိတ်ဆက်ဆောင် ရွက်ခြင်းလုပ်ငန်းစဉ်များနှင့် ဆက်စပ်၍ KSCCအတွင်းရေးမှူးအဖွဲ့သည် ကရင်နီပြည်နယ်၏ နိုင်ငံရေး၊ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ နိုင်ရေးအတွက် နိုင်ငံတကာ သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီ များနှင့် တွေ့ဆုံညှိနှိုင်းပေါင်းစပ် လုပ်ဆောင်နိုင်ရေးအတွက် ကမကထပြု ဆောင်ရွက်ပေးခဲ့ခြင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့နှင့်ချိတ်ဆက်ပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်ကြား ပူးပေါင်းလုပ်ဆောင်နိုင်သည့် လုပ်ငန်းအစီစဉ်များ ညှိနှိုင်းဖော်ဆောင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းနှင့် ဆက်စပ်နိုင်ငံရေးအင်အားစု များဖြစ်သော ပြည်နယ်ယူနစ်များ၊ တော်လှန်ရေး အင်အားစုများ အကြား အပြန်အလှန် ချိတ်ဆက် ဖလှယ်နိုင်ရန်အတွက် ဆောင်ရွက်ပေးခဲ့သည်။ သတိယအချက်အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုခြင်း ဆက်စပ်၍ အစည်းအဝေး ချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်း၊ ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများကို ဖြန့်ဝေပေးခဲ့ခြင်း၊ အစည်းအဝေးစီစဉ် ကျင်းပရာတွင် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို စီစဉ်ပြင်ဆင်ပေးခြင်းနှင့် ချိတ် ဆက်ဆောင်ရွက် ဖိတ်ကြားပေးခဲ့ခြင်း၊ ပါဝင်ဆွေးနွေး သောသူများ ထိရောက်စွာ ဆွေးနွေးနိုင်ရန် ဒီဂျစ်တယ်နည်းပညာဖြင့် ပံ့ပိုး ပေးခဲ့ခြင်း၊ မူဝါဒများ အကောင်အထည်ဖော်မှု၊ နိုင်ငံရေးသုံးသပ်ချက်၊ မူဝါဒရေးရာများနှင့် ပတ်သက်၍ အစည်းအဝေး များတွင် တင်ပြပေးခဲ့ခြင်းနှင့် သတင်းမီဒီယာနှင့်ချိတ်ဆက်ဆောင်ရွက်နိုင် ရန် ပြောရေးဆိုခွင့်ရှိသူများ အတွက် လိုအပ်သော နည်းပညာ နှင့်အချက်အလက်များကိုကူညီ ပံ့ပိုးပေး ခြင်းများ ပြုလုပ်ပေးခဲ့ခြင်းနှင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်မှုဖြင့် ထုတ်ပြန်ရန်လို အပ်သော အမိန့်၊ ညွှန် ကြားချက်၊ သဘောထားကြေငြာချက်များကို ပြင်ဆင်ထုတ်ပြန်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ KSCC အပတ်စဉ်အစည်းအဝေး အကြိမ်ပေါင်း (၉၈) ကြိမ် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ပြည်ထောင်စုအစိုးရနှင့် KSCCအကြား အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းချိတ်ဆက်မှုအားကောင်းစေရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

# ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ ပထမအကြိမ်ညီလာခံ

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ ပထမအကြိမ်ညီလာခံအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့မှ (၂၀) ရက်နေ့အထိ အွန်လိုင်း နှင့် မြေပြင် ပုံစံနှစ်ရပ်ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညီလာခံတွင် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၁ ဧပြီလ (၉) ရက်နေ့ မှ စတင်ဆောင်ရွက်ခဲ့သည့် ကော်မတီအသီးသီး၏ လုပ်ငန်းအစီအရင်ခံစာများအား တင်သွင်းအတည်ပြုခြင်း၊ ကရင်နီပြည်နယ်၏ ကြားကာလအစီအမံကို အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးချမှတ်ခဲ့ပါသည်။ ထို့ပြင် ညီလာခံမှ ကြားကာလတွင် စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးအထိ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးရာတိုက်ပွဲများ၌ အစွမ်းကုန် တိုက်ပွဲဝင်သွားကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြု ခဲ့ကြသည်။ ကရင်နီပြည်နယ်ကြားကာလအစီအမံ၏ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသော အရည်အချင်းနှင့်အညီ အင်အားစု ( ၆ ) ခုမှ အမည်စာရင်းတင်သွင်းလာသည့် ကိုယ်စားလှယ်များဖြင့် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ( ၁၁ ) ဦးအား ရွေးချယ်အတည်ပြုဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်နယ်အတိုင်ပင်ခံ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ( ၇ ) ဦးအား လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်း အတည်ပြုခဲ့ကြပါသည်။

# ကရင်နီပြည်ကြားကာလ အစီအမံ
# (Karenni State Interim Arrangement)




ကရင်နီပြည်ကြားကာလအစီအမံ (မူကြမ်း) ရေးဆွဲရန် မူကြမ်းရေးဆွဲရေးကော်မတီအား ၂၀၂၁ ခုနှစ် ဩဂုတ်လ စတင်ဖွဲ့စည်းခဲ့ပြီး စက်တင်ဘာလတွင် စတင်ရေးဆွဲခဲ့သည်။ (၆) လတာ လေ့လာရေးဆွဲမှု အပြီးတွင် အခန်း (၉) ခန်း၊ ပုဒ်မ (၇၇) ပါဝင်သော ကြားကာလအစီအမံကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ KSCC၏ အဖွဲ့ဝင် နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများ၊ တော်လှန်ရေး အင်အားစုများအတွင်း ဆွေးနွေးညှိနှိုင်းမှုများ၊ ဘုံသဘောထားတူညီမှုများ ရယူခဲ့သည်။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၁၇) မှ (၂၀) ရက်နေ့ထိ ပြုလုပ်ကျင်းပသော ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ပထမအကြိမ်ညီလာခံတွင် ကြားကာလအစီအမံကို အတည်ပြုသည်။

# ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ၏ ဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ




ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) မှ ရေတို၊ ရေရှည်လုပ်ငန်းများအဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် သဘောတူချမှတ်ထားသော ဗျူဟာများမှာ KSCC ပိုမိုအားကောင်းလာစေရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ မဟာမိတ်ဆက်ဆံရေးအတွက် ဗျူဟာများဖော်ထုတ်ခြင်း၊ မိမိတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို လက်တွေ့ကျင့်သုံးဖော်ဆောင်ကျင့်သုံးခြင်း၊ မိမိတို့ပြည်နယ်၏ လုံခြုံရေးအစီအမံများဖော်ထုတ်ခြင်း တို့အပြင် စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းခြင်း တို့ဖြစ်သည်။ ထို့ကြောင့် KSCC ၏ အခန်းကဏ္ဍဖြစ်သော မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ခြင်းလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည့်အပြင် ဆုံးဖြတ်ချက်များကို စုပေါင်းခေါင်းဆောင်မှုအပေါ်အခြေခံပြီး ပါဝင်ပတ်သတ်သော အစုအဖွဲ့အသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်လက်ရှိသည်။ လုပ်ငန်းစဉ်တိုင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု ပိုမိုရရှိစေရန်အတွက် ကရင်နီပြည်သူလူထုနှင့် နည်းလမ်းပေါင်းစုံအသုံးပြုပြီး ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် လူထုတွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်လျက်ရှိပါသည်။ မဟာမိတ်ဆက်ဆံရေးအနေဖြင့် ပြည်နယ်တွင်းတွင်ရှိသော အစုအဖွဲ့အသီးသီးနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းလျက်ရှိပြီး၊ ပြည်နယ်အချင်းချင်းကြားဆက်ဆံရေး ပိုမိုအားကောင်းလာစေရေး (INTER-STATE RELATIONSHIP MECHANISM) အတွက် သော်လည်းကောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေး ပိုမိုအားကောင်းလာစေရန်အတွက် သော်လည်းကောင်း ဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မိမိတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို လက်တွေ့ဖော်ဆောင် ကျင့်သုံးသည့်အနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်များကို ဖော်ဆောင်ပြီး ပြည်နယ်တွင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ကြားကာလ အုပ်ချုပ်ရေးကောင်စီ (INTERIM EXECUTIVE COUNCIL) ကိုလည်း မကြာမီတွင် အပြီးသတ်ဖွဲ့စည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။